# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 10 , 2023 — Volume 68, Number 6


၁၀.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၉.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၇၄၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့သို့ တင်ပို့မည့် မြန်မာ့ပင်ရင်းထုတ်ကုန်များအတွက် CO Form RCEP ကို လျှောက်ထားနိုင်ပြီဖြစ်ခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သော ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership– RCEP) သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်သက်ဝင်နေပြီဖြစ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် CO ထုတ်ပေးသည့် အာဏာပိုင်အနေဖြင့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့နေသော ကုန်စည်များအတွက် အကောက်ခွန်သက်သာခွင့်ရှိသည့် Form RCEP ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ မြန်မာနိုင်ငံသည် စာချုပ်ဝင်နိုင်ငံများအလိုက် ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် အသီးသီးသက်ဝင်နေပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေး ဝန်ကြီးဌာနက အသိပေးအကြောင်းကြားလာပါသည်။

သို့ပါ၍ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့သို့ တင်ပို့မည့် မြန်မာ့ပင်ရင်းထုတ်ကုန်များအတွက် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ CO Form RCEP ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာ ပို့ကုန်သွင်းကုန်ရုံးများနှင့် ကုန်သွယ်ရေးစခန်းများတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှစတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပြီဖြစ်ကြောင်းနှင့် ယင်း၏ဆက်စပ်လုပ်ငန်းစဉ်များဖြစ်သည့် စက်မှုထုတ်ကုန်များအတွက် စက်မှုထုတ်ကုန် မှတ်ပုံတင်လက်မှတ် (Certificate of Product Registration)နှင့် အတည်ပြုပို့ကုန်တင်ပို့သူ (Approved Exporter) မှတ်ပုံတင်လက်မှတ်တို့ကိုလည်း online CO Application System (http://onlineco.myanmartradenet.com) ၌ ဝင်ရောက်လျှောက်ထားနိုင်ပြီဖြစ်ပါသည်။

**Source: ကုန်သွယ်ရေးဦးစီးဌာန**

## ဆီထွက်သီးနှံရင်းနှီးမြှုပ်နှံသူများ ဝင်ငွေခွန် (၃)နှစ်မှ (၇)နှစ်အထိ ကင်းလွတ်ခွင့်ရမည်

မြန်မာနိုင်ငံ၌ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံရင်းနှီးမြှုပ်နှံသူများအား ဝင်ငွေခွန် (၃)နှစ်မှ (၇)နှစ်အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြောကြားချက်ကို ဇူလိုင်လ ၇ ရက်၊ နံနက်ပိုင်းကကျင်းပသည့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ၏ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားခဲ့ခြင်းဖြစ်သည်။

စားသုံးဆီအထောက်အပံ့ပေးနိုင်မည့် လုပ်ငန်းများကို ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ထည့်သွင်း၍ ဆီထွက်သီးနှံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ပြီး ထိုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအပေါ်မူတည်ကာ ဝင်ငွေခွန် (၃)နှစ်မှ (၇)နှစ်အထိ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် လယ်ယာကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်ရေး ကြိုးပမ်းလျက်ရှိရာ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ကုန်ကြမ်းများရရှိရေးနှင့် တောင်သူများအတွက် မှန်ကန်သောဈေးကွက်များ ဖော်ဆောင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့အတူ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကလည်း ပြည်ပစားအုန်းဆီတင်သွင်းမှုလျှော့ချရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း ထည့်သွင်းပြောကြားသည်။

မျိုးနှင့်စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုနိုင်ရန် အရင်းမပျောက် မတည်ငွေများ ထုတ်ထောင်ပေးခြင်း၊ မြစိမ်းရောင်ဆီထွက်သီးနှံစီမံကိန်း၊ ဆိုလာစွမ်းအင်သုံးစိုက်ပျိုးရေးနှင့် ကျေးလက်ကုန်ထုတ်၊ လမ်းတံတားဖောက်လုပ်ပေးခြင်း၊ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် သမဝါယမအသင်းစနစ်ဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း ပြောကြားခဲ့သည်။

**Source: Popular News Journal**

## စပါးဈေးနှုန်းများ တင်းတစ်ရာလျှင် ငွေကျပ်ငါးသောင်းကျော် ကျဆင်းလာ

စပါးဈေးနှုန်းများမှာ ပြီးခဲ့သည့် ဇွန်လကုန်မှစ၍ ဒေသနှင့်စပါးအမျိုးအစားအလိုက် တင်းတစ်ရာလျှင် ငွေကျပ် ငါးသောင်းမှ တစ်သိန်းထိ ဈေးကျဆင်းလာပြီး စပါးပေါ်ချိန်တွင် ယခင်က သိုလှောင်ထားသောစပါးများသာ ဈေးကွက်အတွင်း ထုတ်ရောင်းလာပါက ပိုမိုကျဆင်းလာဖွယ်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

မကြာမီ နွေစပါးများထွက်ပေါ်တော့မည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးနေကြပြီး ယခင်ဝယ်ယူသိုလှောင်ထားသော စပါးလက်ဝယ်ရှိသူများက ထုတ်ရောင်းချလျှင် စပါးဈေးပိုမိုကျဆင်းလာနိုင်သည်ဟုဆိုသည်။

တောင်သူတွေက နွေစပါးထက် မိုးစပါးကို စိုက်ပျိုးမှု ပိုမိုအားစိုက်ကြတယ်။ ခုလဆန်းပိုင်းမှာ စပါးဈေးက အမျိုးအစားအလိုက် တင်းတစ်ရာကို အနည်းဆုံး ငွေကျပ်ငါးသောင်းလောက် ဈေးကျလာတယ်။ ပြီးခဲ့တဲ့ စပါးပေါ်ချိန်မှာ ဝယ်ယူသိုလှောင်တဲ့သူတွေက ဆန်ကြိတ်ခွဲရောင်းချပြီး ပိုလျှံတဲ့စပါးတွေ ထုတ်ရောင်းမယ်၊ စပါးအသစ်ထွက်လာတော့မယ်ဆိုတော့ စပါးဈေးက အကျဘက်သွားမယ်ဟု ဆန်စပါးကုန်သည်တစ်ဦးကပြောသည်။

လက်ရှိစပါးတင်းတစ်ရာပေါက်ဈေးများအရ ရောပဒေသာ ၂၁ သိန်း ငါးသောင်း၊ သုခအဟောင်းမှာ ငွေကျပ် သိန်း ၂၀၊ သုခအသစ် ငွေကျပ် ၁၈ သိန်း ငါးသောင်း၊ ဧယာနှင့် ရက် ၉၀ စပါးမှာ ငွေကျပ် ၁၉ သိန်း ငါးသောင်း၊ သီးထပ် စပါးမှာ ၁၇ သိန်း ငါးသောင်း၊ ပခမ်းစပါးမှာ ၁၉ သိန်း ငါးသောင်း အသီးသီးပေါက်ဈေးရှိရာ ဇွန်လလယ်က ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများထက် စပါးတင်းတစ်ရာလျင် ငွေကျပ် ငါးသောင်းမှ တစ်သိန်းဝန်းကျင် ကျဆင်းခဲ့သည်ဟုဆိုသည်။

တောင်သူတွေမှာက လုပ်သားရှားပါးတာနဲ့ လုပ်ခဈေးကြီးတာရယ်၊ သွင်းအားစုတွေ ဈေးမြင့်တာရယ်၊ သယ်ယူစရိတ်မြင့်မားတာတွေရယ်ကြောင့် စိုက်ပျိုးထုတ်လုပ်မှုနဲ့ ရတဲ့ဈေးက တွက်ခြေသိပ်မကိုက်ဘူး။ နွေစပါးနဲ့မိုးစပါးဆိုရင် မိုးစပါးစိုက်တာကို ပိုပြီးတောင်သူတွေအားထားကြတယ်ဟု ဆက်လက်ပြောကြားသည်။

ဇွန်လဆန်းက ရန်ကုန်မြို့ ကုန်စည်ဒိုင်ဈေးကွက်တွင် ဆန်သား ၇၀ ရာခိုင်နှုန်း(အနိမ့်)၊ ဆန်သား ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်း(အလတ်)၊ ဆန်သား ၈၅ ရာခိုင်နှုန်းအထက်(ထိပ်စ) ၁၀၈ ပေါင် တစ်အိတ်လျှင် Export ဈေးမှာ ငွေကျပ် ၅၆၅၀၀ ရှိခဲ့ပြီး ဇူလိုင်လဆန်းတွင် ငွေကျပ် ၅၁၀၀၀ ဝန်းကျင်ပေါက်ဈေးရှိသဖြင့် ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်လုပ်ငန်းရှင်များအသင်းအနေဖြင့် ဆန်ဈေးကွက်တည်ငြိမ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး စပါးသိုလှောင်ထားမှု အခြေအနေများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆန်စပါးသိုလှောင်မှု အခြေအနေများကို စာရင်းစတင်ကောက်ခံပြုစုတော့မည်ဆို၍ ယခုကဲ့သို့ ဈေးကျဆင်းလာသည်ဟု သုံးသပ်မှုများလည်း ရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယနိုင်ငံ ပဲထုတ်လုပ်မှုကျဆင်းနေချိန် မြန်မာ့ပဲစင်းငုံနဲ့မတ်ပဲ ဈေးကောင်းရနေ




အိန္ဒိယနိုင်ငံ ပြည်တွင်းမှာ ပဲထုတ်လုပ်မှု ကျဆင်းနေတဲ့အတွက် မြန်မာနိုင်ငံမှ ပဲစင်းငုံနဲ့မတ်ပဲများ ဈေးအမြင့်ရရှိနေတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရပါတယ်။ လက်ရှိအိန္ဒိယနိုင်ငံမှာ ပဲစင်းငုံဈေးနှုန်းမြင့်တက်မှုနှင့် ရင်ဆိုင်နေရ၍ ဈေးနှုန်းမြင့်မားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ယခု ၂၀၂၃ ခုနှစ်မှာ ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်းပိုမိုပြီး တန်ချိန် ၁၂ သိန်းခန့် တင်သွင်းရန်လိုအပ်နေတယ်လို့ သိရပါတယ်။

ယင်းနိုင်ငံအတွင်း ပဲစင်းငုံဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ၂၅ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီး ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၁၂၈ ဒသမ ၆၆ ထိ ရောက်ရှိခဲ့ကြောင်း၊ မတ်ပဲဈေးနှုန်းများမှာလည်း ပြီးခဲ့တဲ့နှစ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၂၂ ရာခိုင်နှုန်းခန့်ကြီးမြင့်ခဲ့ပြီး၊ ၁ ကီလိုဂရမ်ဈေးနှုန်းမှာ ရူပီး ၁၁၁ ဒသမ ၇၇ ရှိခဲ့တယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ မူဝါဒအရ မြန်မာ့ပဲတင်ပို့မှုမှ မတ်ပဲနဲ့ပဲစင်းငုံတွေကို ၂၀၂၄ ခုနှစ် မတ်လအထိ လွတ်လပ်စွာ တင်သွင်းခွင့်ပြုထားတယ်လို့ သိရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့အိန္ဒိယနှစ်နိုင်ငံ G to G အစီအစဉ်နဲ့ မတ်ပဲနဲ့ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး ယင်းသဘောတူညီချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၅ နှစ်အတွင်း မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနဲ့ ပဲစင်းငုံတန်ချိန် ၁ သိန်း၊ စုစုပေါင်း ပဲတန်ချိန် ၃ ဒသမ ၅ သိန်းကို နှစ်စဉ် ပုဂ္ဂလိကကုန်သွယ်မှုကဏ္ဍကနေတဆင့် တင်သွင်းသွားဖို့ရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ အိန္ဒိယနှစ်နိုင်ငံသို့ ပဲတင်ပို့မှုအနေနဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မေလအထိကို ပဲမျိုးစုံ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇၀ ဒသမ ၃၅၂ သန်းကျော် ကုန်သွယ်မှုဆောင်ရွက်ထားနိုင်ခဲ့တာလို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောဆိုထားပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပဲအဓိကတင်ပို့တဲ့နိုင်ငံက အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအစိုးရအနေနဲ့ ပဲတင်သွင်းမှုမူဝါဒတွေက ၂၀၁၇ ခုနှစ်မှာဆိုရင် မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံတို့ကို ဘဏ္ဍာနှစ်အလိုက် တင်သွင်းခွင့်ပြုတဲ့ ကိုယ်တာတွေကို ထုတ်ပြန်ကြေညာပြီး တင်သွင်းစေခဲ့တယ်။ ဒါပေမယ့် ၂၀၂၁ ခုနှစ်မှာတော့ အဲဒီကန့်သတ်ချက်တွေကို ဖြေလျှော့ပြီးတော့မှ လွတ်လပ်စွာတင်သွင်းခွင့်ပြုတဲ့ ဘဏ္ဍာနှစ်ကာလကို တစ်နှစ်ကိုတစ်ကြိမ် တိုးမြှင့်ခွင့်ပြုပေးခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာလည်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဌာနရဲ့ ထုတ်ပြန်ချက်အရ မတ်ပဲ၊ ပဲစင်းငုံတွေကို လွတ်လပ်စွာတင်သွင်းခွင့်ပြုဖို့အတွက်ကို ၂၀၂၄ ခုနှစ် မတ် ၃၁ အထိ ထပ်မံသက်တမ်းတိုးမြှင့်ပေးခဲ့တယ်။ အိန္ဒိယနိုင်ငံရဲ့ မူဝါဒပြောင်းလဲသတ်မှတ်ချက်တွေအရ မြန်မာနိုင်ငံရဲ့ တောင်သူလယ်သမားအတွက်တော့ ပဲတွေကို လွတ်လွတ်လပ်လပ်တင်ပို့နိုင်ဖို့ များစွာအထောက်အကူဖြစ်မှာပါလို့ ၎င်းကပြောဆိုထားတာပါ။

**ဤဆောင်းပါးကို Myanmar Future News မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၃-၇-၂၀၂၃ မှ ၇-၇-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၂၇၀၀၀၀ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၅၀၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၂၀၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၆၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၅၀၀၀၀ ၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၇၀၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၆၀ လုံး ( တန်ချိန် ၁၄၄၀) နှင့် မတ်ပဲ SQ/RC (2023 Crop) ကွန်တိန်နာ ၅ လုံး ( တန်ချိန် ၁၂၀) စုစုပေါင်း ကွန်တိန်နာ ၆၅ လုံး ( တန်ချိန် ၁၅၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၂၅ လုံး ( တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး ( တန်ချိန် ၈၄၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၄၀၀၀၊ မြွေးနီ ကျပ် ၁၄၀၀၀၊ မိုးထောင် (ဒီမွန်) ကျပ် ၁၃၀၀၀၊ အိမ်မဲ ကျပ် ၁၃၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၅၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အိမ်မဲ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်အမျိုးအစားများဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်ကကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၁၇၀၀ (၃၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၉၀၀ (၃၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ငရုတ်ရှည် အိတ်ပေါင်း ၂၀၀ ( ၄၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၄၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၃၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၃၅၀၊ ပခုက္ကူကြမ်း ကျပ် ၂၉၅၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၃၄၀၀၊ ကြံသကာ(စစ်)ကျပ် ၂၄၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၂၇၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ် (ထန်း)ကျပ် ၅၀ ဈေးကျဆင်းခဲ့ပြီး ကြံသကာ(စစ်) ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပါသည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**Source: Domestic (Ygn) MITC**

## ပနားမီးပုစွန်ဖြူကို တရုတ်နှင့်ဂျပန်နိုင်ငံများသို့ တင်ပို့နေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုၡ မွေးမြူထုတ်လုပ်သည့် ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် ပနားမီးပုစွန်ဖြူကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ နိုင်ငံခြားဝင်ငွေ များစွာရရှိနေသော ပို့ကုန်တစ်ခုဖြစ်ကြောင်းသိရသည်။

အဆိုပါ ပနားမီးပုစွန်ဖြူကို မြိတ်ကျွန်းစုၡ ၂၀၁၈ ခုနှစ်မှစတင်၍ စီးပွားဖြစ်မွေးမြူခဲ့ခြင်းဖြစ်ပြီး တစ်ဟက်တာ (နှစ်ဧကခွဲ) အကျယ်ရှိသော ပုစွန်ကန် ၂၀၀ ကျော်နှင့် ကော့သောင်းတွင် ကန် ၁၀၀ ခန့် မွေးမြူလျက်ရှိသည့်အပြင် ထားဝယ်တွင်မွေးမြူရန် ပြင်ဆင်ဆောင်ရွက်နေကာ ပုစွန်ကန်ဧက ၁၀၀ တွင် ဧက ၄၀ ကို ပင်လယ်ရေသိုလှောင်သန့်စင်သော ကန်အဖြစ် ထိန်းသိမ်းထားရှိ၍ ကျန်သောဧက ၆၀ တွင် မွေးမြူခြင်းဖြစ်ကြောင်းသိရသည်။

ယင်း ပနားမီးပုစွန်ဖြူများ မွေးမြူရာတွင် သုံးလ၊ လေးလခန့်အကြာမှသာ ရောင်းတန်းဝင်အဆင့်သို့ ရောက်ရှိခြင်းကြောင့် တစ်နှစ်လျှင် သုံးကြိမ်မှလေးကြိမ်အထိ မွေးမြူလျက်ရှိပြီး လက်ရှိထုတ်လုပ်ရာတွင် စက်ရုံမှထွက်ရှိသော ပြုတ်ထားသည့် ပနားမီးပုစွန်များကို တရုတ်နိုင်ငံသို့ဘူးဖြင့် ပါကင်ပိတ်တင်ပို့လျက်ရှိကာ ဂျပန်နိုင်ငံသို့ အေးခဲ၍တင်ပို့လျက်ရှိကြောင်း သိရသည်။

ပနားမီးပုစွန်ဖြူများကို မြိတ်ကျွန်းစုတွင် မွေးမြူသူများလာပါက ထိုင်းနိုင်ငံနှင့်ပူးပေါင်း၍ အစာထုတ်လုပ်သည့် စက်ရုံ တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

**Source:** [https://t.me/sdtimedaily](https://t.me/sdtimedaily)

## ဘရူနိုင်းနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပထမဆုံး ကွန်တိန်နာသင်္ဘော တိုက်ရိုက်ပြေးဆွဲသည့်လမ်းကြောင်း ဖွင့်လှစ်ခဲ့

ဘရူနိုင်းနိုင်ငံသည် ၎င်း၏တစ်ခုတည်းသော ရေနက်ဆိပ်ကမ်းဖြစ်သည့် Muara ဆိပ်ကမ်းနှင့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Beibu ပင်လယ်ကွေ့ဆိပ်ကမ်းတို့အကြား ကွန်တိန်နာသင်္ဘောပြေးဆွဲသည့် လမ်းကြောင်းတစ်ခုကို ဖွင့်လှစ်ခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါလမ်းကြောင်းသည် တရုတ်နိုင်ငံနှင့်အရှေ့တောင်အာရှနိုင်ငံတို့ အကြား ပထမဆုံးဖွင့်လှစ်ခဲ့သည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ ကွန်တိန်နာသင်္ဘောလမ်းကြောင်းသစ်ဖွင့်ပွဲအခမ်းအနား၌ ဘရူနိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး၏ ဝန်ကြီးနှင့် ဘဏ္ဍာရေး နှင့်စီးပွားရေးဒုတိယဝန်ကြီး Haji Mahd Amin Liew မှ ကွန်တိန်နာသင်္ဘောလမ်းကြောင်းသစ်သည် ဘရူနိုင်းနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘရူနိုင်း-အင်ဒိုနီးရှား-မလေးရှား-ဖိလစ်ပိုင်စသည့် အရှေ့အာဆီယံတိုးတက်ရေး ဇရိယာ(BIMP-EAGA) တွင်း ပို့ကုန်၊ သွင်းကုန်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် အရေးပါပြီး ဈေးကွက်သစ်များ ဖွင့်လှစ် ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကွမ်းရှီးဒေသ၏ visiting vice governor ဖြစ်သူ Ms. Cai Lixin မှ ယခုကဲ့သို့ လမ်းကြောင်းသစ် ဖွင့်လှစ်သည့်အခမ်းအနား သည် BIMP-EAGA ဒေသနှင့်တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရေးနှင့်နိုင်ငံတကာ ကုန်းမြေ-ပင်လယ် ကုန်သွယ်ရေးစင်္ကြံသစ်တည်ဆောက်မှု အရှိန်မြင့်တင်ရေးတို့အတွက်လည်း အရေးပါသည့် အခမ်းအနား တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

သင်္ဘောကွန်တိန်နာ လမ်းကြောင်းသစ်သည် တရုတ်နိုင်ငံနှင့်ဘရူနိုင်းနိုင်ငံတို့အကြား နောင်ဆောင်ရွက်မည့် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ကြီးမားသည့်သင်္ကေတဖြစ်ကြောင်း Ms. Cai Lixin မှ မှတ်ချက်ပြုခဲ့သည်ဟု သိရှိရပါသည်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Guangxi Beibu Gulf International Port Group Company Ltd. နှင့် Brunei's Darussalam Assets တို့သည် ဖက်စပ်ကုမ္ပဏီများအဖြစ်ဆောင်ရွက်၍ ဆိပ်ကမ်းတွင်း အချက်အချာကျသည့် နေရာသစ်တစ်ခု ဖြည့်သွင်းသည့်အနေဖြင့် Muara ဆိပ်ကမ်းကွန်တိန်နာဂိတ်လည်ပတ်ရန် ဆောင်ရွက်ခဲ့ကြောင်း ဘရူနိုင်းနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး Mr. Xiao Jianguo မှ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကွန်တိန်နာသင်္ဘောလမ်းကြောင်းသစ်ဖွင့်လှစ်ခြင်းသည် တရုတ်နိုင်ငံနှင့်ဘရူနိုင်းနိုင်ငံတို့အကြား ကုန်စည်စီးဆင်းမှုနှင့် အခြေခံ အဆောက်အအုံချိတ်ဆက်ဆောင်ရွက်မှုတို့အတွက် ရှေ့ဆက်နိုင်မည့် အခြားခြေလှမ်းတစ်ခုဖြစ်ကြောင်းနှင့် ဘရူနိုင်းနိုင်ငံ မှ စီးပွားရေးလုပ်ငန်းများကို ပုံစံအမျိုးမျိုး ချဲ့ထွင်ဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများတွင်လည်း ကူညီပေးနိုင်မည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အခမ်းအနားသို့ ဘရူနိုင်းနိုင်ငံအစိုးရအရာရှိကြီးများ၊ တရုတ်နိုင်ငံရှိစီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် ဘရူနိုင်းနိုင်ငံအလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များ အပါအဝင် ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** **Brunei launches 1st direct container shipping route to China (www.gov.cn)**

**(စီးပွားရေးသံမှူး၊ ပေကျင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_100720231055

## ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှု မြင့်မားလာ

၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံရန် ကတိကဝတ်ပေးထားမှုသည် ယခင်နှစ်ကထက် ၅၄.၂ရာခိုင်နှုန်း မြင့်မားလာသည့်အပြင် မည်သည့်ပထမနှစ်ဝက် ဝင်ငွေများနှင့်မဆို နှိုင်းယှဉ်ရာတွင်လည်း မှတ်တမ်းတင်ဖွယ် မြင့်မားလာခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ ပြည်ပမှ အမေရိကန်ဒေါ်လာ ၁၇.၀၉ ဘီလီယံဖိုး လာရောက်ရင်းနှီးမြှုပ်နှံမည်ဟူသော ကတိကဝတ်ရရှိထားကြောင်း၊ ယင်းပမာဏသည် ယခင်နှစ်အလားတူကာလက ဝင်ငွေဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၁. ၀၉ ဘီလီယံထက် သာလွန်ခဲ့ပါကြောင်း၊ သို့သော် ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက် အတွင်း အမှန်တကယ်ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇.၇၅ ဘီလီယံသာ ရှိသေးကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။ ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက် ဝင်ငွေမတိုင်ခင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှရရှိခဲ့သည့် မှတ်တမ်းတင် အမြင့်ဆုံးဝင်ငွေမှာ ၂၀၂၁ ခုနှစ်၊ ပထမနှစ်ဝက်အတွင်းရရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၁၃.၁၄ ဘီလီယံဖြစ်သည်ဟု အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။


ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကတိကဝတ်အနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၇.၆၃ ဘီလီယံရရှိမည်ဖြစ်သည့်အတွက် ၁၄၅.၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈.၄၈ ဘီလီယံ လာရောက်ရင်းနှီးမြှုပ်နှံမည် ဖြစ်သည့်အတွက် ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ လျှပ်စစ်နှင့် အီလက်ထရောနစ်ကဏ္ဍတွင် ၆၆၃ ရာခိုင်နှုန်းတိုးတက်လာပြီး ဓါတုအင်ဂျင်နီယာကဏ္ဍတွင် ၄၆၄.၁ ရာခိုင်နှုန်း မြင့်မားလာခဲ့ပါသည်။ နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုအဖြစ် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာသန်း ၆၀၀ ဖိုး လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်သည့်အတွက် ၃၃.၄ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုမှလည်း အမေရိကန်ဒေါ်လာသန်း ၃.၆၆ ဘီလီယံဖိုး လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်သည့်အတွက် ၂၄.၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများ၊ ဗြိတိန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှလည်း လာရောက်ရင်းနှီးမြှုပ်နှံမှု မြင့်မားလာပါကြောင်း၊ အထူးသဖြင့် ချစ်ပ်ပြားများ၊ ဘက်ထရီများ၊ လေစွမ်းအင်၊ ဟိုက်ဒရိုဂျင်စွမ်းအင်နှင့် ဇီဝနယ်ပယ်များကဲ့သို့သော အဆင့်မြင့်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု မြင့်မားလာကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။

**Source:** https://www.koreatimes.co.kr/www2/common/search.asp

**( စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_100720231256

## STOCK EXCHANGE (10.7.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 10th Jul. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 88,951 (Shares) | 394,776,900 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| FMI | 00001 | 8,000 | -200 | -2.44% | 8,200 | 8,200 | 8,000 | 593 | 4,852,600 | 33,109,694 | |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 6,891 | 19,639,350 | 38,929,150 | |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 95 | 674,500 | 10,400,986 | 73,847 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 8,612 | 12,918,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 70 | 164,500 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,350 | 217 | 512,650 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 2 | 10,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 30,804 | 56,002,900 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Jul. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.10 | -2.88 | -0.80% | 357.98 | 358.61 | 355.10 | 47,284 | 94,774,500 | 8 | 669,776 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 10th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 88,951 (Shares) | 394,776,900 (MMK) |

### Main Board

As of 1:00 pm, 10th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 88,951 (Shares) | 394,776,900 (MMK) |

| MYANPIX | 355.10 ▼ 2.88 |
|---|---|
| Total Volume (shares) | 47,284 |
| Total Value (MMK) | 95 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,776 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 200 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 50 |